မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 11, 2025 | Volume 91, Number 8


၁၁.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၈.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၁.၁၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၅၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ရန်ကုန်ဆန်ဈေးကွက် အရောင်းအဝယ်အေးနေ




ရန်ကုန်မြို့က ဆန်အရောင်းဆိုင်တွေမှာ လတ်တလော ဆန်အရောင်းအဝယ်အေးနေပြီး ဆန်ဈေးနှုန်းတွေလည်း တည်ငြိမ်နေတယ်လို့ ရန်ကုန်မြို့က ရွှေမိုးဆန်ရောင်း ဝယ်ရေးဆိုင်က တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဆန်အရောင်းဆိုင်တွေမှာ ဆန်ချောထက် ဆန်ကြမ်းအမျိုးအစား ဝယ်ယူသူတွေက ပိုများနေတာကြောင့် ဆန်ကြမ်းက အရောင်းအနည်းငယ် ပိုသွက်နေတယ်လို့ ဆိုပါတယ်။

အရင်နှစ်တွေက အခုလောက်ထိအရောင်းအဝယ်မအေးဘဲ အခုနှစ်မှာတော့ ဆန်ဈေးမတက်ဘဲ အရောင်းအဝယ်အေးနေတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိ ဆန်ဈေးကွက်ထဲမှာတော့ ဆန်ချောတစ်အိတ်ကို ကျပ် ရှစ်သောင်းခွဲကနေ ကျပ် တစ်သိန်းသုံးသောင်း အထိရှိပြီး ဆန်ကြမ်းတစ်အိတ်ကို ကျပ်ငါးသောင်းကျော်ကနေ ကျပ် တစ်သိန်းကျော် ဝန်းကျင်ထိ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

ဒါ့ပြင် ဇွန်လအတွင်း ပြည်တွင်းဈေးကွက်မှာ ၂၄ ပြည်ဆန်တစ်အိတ်ကို အမျိုးအစားအလိုက်အနိမ့်ဆုံး ကျပ် ခြောက်သောင်းကနေ အမြင့်ဆုံး ကျပ် တစ်သိန်းငါးသောင်းငါးထောင်အတွင်း ရောင်းချဖို့ စားသုံးသူရေးရာဦးစီးဌာနက ရည်ညွှန်းဈေး ထုတ်ပြန်ထားပါတယ်။

**Source :** https://onenewstvchannel.com/

## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်သီးနှံ စိုက်ပျိုးမှုနှင့် ဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် ဆည်ရေသောက်ဒေသတွင်ရှိသည့်အတွက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကို ဘောင်ဖြင့် ပျိုးထောင်ပြီး ၂ လသားကျော်အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၂ လခန့် အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ ခရမ်းချဉ်သီးနှံကို ၂-၃ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး သက်တမ်းအားဖြင့် ၃ လခန့် ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် ခရမ်းချဉ်သီးပိဿာချိန် ၂,၂၅၀-၂,၃၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်နှင့် မန္တလေးမြို့တို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းချဉ်သီးဈေးနှုန်း ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://www.commerce.gov.mm/

## မိုးဦးကာလ ရာသီစာမှို



ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူအချို့သည် မိုးဦးကျကာလတွင် တောင်ယာစိုက်ပျိုးခြံများနှင့်ခြံတောင်ပို့များ၊ တောတောင်များအတွင်း၌ သဘာဝအလျောက်ထွက်ရှိသော ငှက်စွတ်မှိုများကို ရှာဖွေကြသည်။

ငှက်စွတ်မှို(ခေါ်)မှိုငှက်စိုသည် တော်သလင်းလပြည့်ကျော်နှင့်သီတင်းကျွတ်လဆန်းပိုင်းမိုးရွာသွန်းပြီးချိန်တွင် အများဆုံး ထွက်ပေါ်လေ့ရှိသောကြောင့် ဒေသခံအချို့က ထိုအချိန်များတွင် မှိုများကိုလိုက်လံရှာဖွေကြသည်။

ရရှိလာသောမှိုများကို ချက်ပြုတ်စားသောက်ကြသည့်အပြင် ကျေးရွာရပ်ကွက်များအတွင်း လှည့်လည်ရောင်းချခြင်း၊ ကားလမ်းမကြီးဘေးရှိ ပလက်ဖောင်းများအပေါ်တွင် ခင်းကျင်းရောင်းချခြင်းနှင့် သီရိမင်္ဂလာဈေးကြီးအတွင်း ခင်းကျင်းရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေတစ်ဖက်တစ်လမ်းမှ ရှာဖွေကြသည်။

မှိုများကို အဖူး၊ အငုံ၊ အပွင့် အမျိုးအစားနှင့်အရွယ်အစားအလိုက် ဈေးနှုန်းခွဲခြားသတ်မှတ်၍ ရောင်းချကြသည်။ မှိုပွင့် ပျမ်းမျှ တစ်စီးလျှင် ၅ ပွင့်မှ ၆ ပွင့်အထက်ပါသော တစ်စီးလျှင် ၁၅၀၀ ကျပ်မှ ၂၅၀၀ ကျပ် အထိရောင်းချလျက်ရှိကြောင်းကို ဒေသခံအချို့နှင့်လွိုင်ကော်မြို့သီရိမင်္ဂလာဈေးအတွင်းရှိ ဈေးသည်များထံက သိရသည်။

**Source:DOCA(ကယား)**

https://www.doca.gov.mm

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ နှိုင်းယှဉ်မှုအခြေအနေ

ဇွန်လ ဒုတိယပတ်တွင် မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေ အနေမှာနှမ်းညိုနှင့် နှမ်းဖြူဈေးများကျဆင်း၍နှမ်းနက်၊မြေပဲလုံးဆန်နီ၊မြေပဲလုံးဆန်ဖြူ ဈေးနှုန်းများမြင့်တက်နေကြောင်း သိရသည်။

ဇွန်လ ဒုတိယပတ်တွင် နှမ်းညိုတစ်တင်း ၁၁၀,၀၀၀-၁၁၈,၀၀၀ကျပ်၊ နှမ်းနက် တစ်တင်း ၁၉၀,၀၀၀- ၂၃၀,၀၀၀ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၀၀,၀၀၀-၁၂၀,၀၀၀ကျပ်ဖြစ်ကာယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၁၂,၀၀၀ကျပ်၊

နှမ်းနက်တစ်တင်း ၁၉၀,၀၀၀–၂၂၅,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၁၅,၀၀၀–၁၂၅,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့်ယခင်ပတ် ကာလတူနှိုင်းယှဉ်ပါက နှမ်းနက် တစ်တင်း ၅၀၀၀ကျပ်ခန့်မြင့်တက်နေပြီး နှမ်းဖြူတစ်တင်းလျှင် ၁၅,၀၀၀–၅၀၀၀ကျပ်ခန့်၊ နှမ်းညို တစ်တင်း ၂၀၀၀ ကျပ်ခန့်ကျဆင်းနေကြောင်းသိရသည်။

ဇွန်လ ဒုတိယပတ်တွင် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၇,၀၀ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၁၀,၂၀၀–၁၀,၅၀၀ကျပ်ရှိပြီး ယခင်ပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၆၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၁၀,၀၀၀ကျပ်၊ ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီတစ်ပိဿာ ၁၀၀ကျပ်ခန့်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၅၀၀ကျပ်ခန့် မြင့်တက်နေကြောင်းသိရသည်။

ယခုပတ်အတွင်း ပဲဆီ တစ်ပိဿာ ၁၈,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၅,၀၀၀ကျပ် ဖြစ်ပြီး ပဲဖတ်တစ်ပိဿာ ၄၇၈၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၄၃၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၃၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ပို့ကုန်ပဲများ အရောင်းအဝယ်အေး ဈေးကျနေ

ဇွန်လဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး ပို့ကုန်ပဲများမှာ ပြည်ပတင်ပို့မှုအေးနေသောကြောင့် အရောင်းအဝယ်အေးပြီး ဈေးနိမ့်လာကြောင်း သိရသည်။

ပဲတီစိမ်း ၅၆ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၉၀,၀၀၀ မှ ၃၈၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀,၀၀၀ မှ ၃၈၀,၀၀၀၊ ယခင်လ ကျပ် ၄၃၀,၀၀၀ မှ ၄၅၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ဈေးတက် လာပြီး ယခင်လထက် ကျပ် ၇၀,၀၀၀ မှ ၁၄၀,၀၀၀ ဈေးနိမ့်လာသည်။

ပဲစင်းငုံ(နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ်၂၅၇,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၄,၀၀၀ မှ ၂၅၅,၀၀၀၊ ယခင်လ ကျပ် ၂၇၇,၀၀၀မှ ၂၇၈,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀မှ ၃၀၀၀ ခန့်ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၂၀,၀၀၀ မှ ၂၁,၀၀၀ ဈေးနိမ့်လာသည်။

ပဲစင်းငုံ(ဖြူ)၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၅,၀၀၀ မှ၂၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၃,၀၀၀၊ ယခင်လ ကျပ် ၂၇၃,၀၀၀မှ ၂၇၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၁၅,၀၀၀ မှ ၁၈,၀၀၀ ဈေးနိမ့်လာသည်။

မတ်ပဲ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၅,၀၀၀မှ ၂၇၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀,၀၀၀မှ ၂၈၁,၀၀၀၊ ယခင်လ ကျပ် ၂၆၅,၀၀၀မှ ၂၈၆,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၁၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၁၆၀၀၀ ဈေးနိမ့်လာသည်။

**Source :** https://myantrade.gov.mm/

## ဗီယက်နမ်ပုစွန်တင်ပို့မှု အခွန် ၃၅ ရာခိုင်နှုန်း အမေရိကန်သတ်မှတ်

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာန(ဒီအိုစီ)က ဗီယက်နမ် ကုမ္ပဏီ ၂၄ ခုက တင်ပို့လာတဲ့ ပုစွန်တွေကို အကောက်ခွန် ၃၅ ရာခိုင် နှုန်းအထိ ချမှတ်လိုက်ကြောင်း VN Express သတင်းမှာ ဖော်ပြထားပါတယ်။

ဒီဆုံးဖြတ်ချက်ဟာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ကနေ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အတွင်းမှာ ဗီယက်နမ်က တင်သွင်းလာတဲ့ အေးခဲပုစွန်တွေနဲ့ပတ်သက်ပြီး ဇွန်လ ၇ ရက်က ထုတ်ပြန်လိုက်တဲ့ ဒီအိုစီရဲ့ ၁၉ ကြိမ်မြောက် စီမံခန့်ခွဲရေး အစီရင်ခံစာအရ ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ ဗီယက်နမ်ပင်လယ်စာတင်ပို့ရောင်းချသူများအသင်း(VASEP)က ထုတ်ပြန် ပြောကြားထားပါတယ်။



VASEP နဲ့ ပါဝင်တဲ့ကုမ္ပဏီတွေကတော့ ကနဦး အခွန်နှုန်းထား မြင့်မားမှုကို အံ့သြပြီးစိတ်ပူနေကြသလို အတွက်မှားတာတွေ၊ နားလည်မှုလွဲမှားတာတွေကြောင့် လတ်တလော ကနဦးတွေ့ရှိချက်တွေ သက်ရောက်နေတာဖြစ်နိုင်တယ်လို့ သံသယဝင်နေကြပါတယ်။

ကနဦးတွေ့ရှိချက်တွေက နောက်ဆုံးအတည်မဟုတ်သေးပေမဲ့ ကြေညာချက်ကြောင့် အမေရိကန်ကို တင်သွင်းသူတွေ စိတ်ပူနေကြသလို ကုန်သွယ်ရေးအစီအစဉ်တွေ အနှောင့်အယှက်ဖြစ်သွားပြီး ဗီယက်နမ်ပုစွန်ကုန်သည်တွေလည်း ယုံကြည်မှု လျော့ကျလာနေကြပါတယ်။

VASEP ကတော့ ကနဦးတွက်ချက်မှုတွေနဲ့ပတ်သက်ပြီး မျှမျှတတ သေချာပြန်လည်သုံးသပ်စဉ်းစားပေးဖို့နဲ့ နှစ်နိုင်ငံကုန်သွယ်ရေးတည်ငြိမ်စေဖို့အတွက် ဗီယက်နမ်ပင်လယ်စာတင်ပို့သူတွေရဲ့ အကျိုးစီးပွားကိုကာကွယ်ပေးဖို့ ဒီအိုစီကို အသားပေး ပြောကြားထားပါတယ်။

ဗီယက်နမ်ဟာ အိန္ဒိယ၊ အီကွေဒေါနဲ့အင်ဒိုနီးရှားပြီးရင် အမေရိကန်ကို စတုတ္ထအကြီးဆုံး အေးခဲပုစွန်တင်သွင်းသူ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## တရုတ်နိုင်ငံတွင် မော်တော်ကားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်မည်

တရုတ်နိုင်ငံအနေဖြင့် မော်တော်ယာဉ်လည်ပတ်မှုနှင့်သုံးစွဲမှုတို့အတွက် ကန့်သတ်ထားသည့် ပိတ်ဆို့မှုများ၊ အတားအဆီးများ ဖယ်ရှားရန်နှင့် မော်တော်ကားကဏ္ဍ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်စေရေး တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

မော်တော်ကားလုပ်ငန်းသည် တရုတ်နိုင်ငံအမျိုးသားစီးပွားရေး၏ မဟာဗျူဟာမြောက်စက်မှုလုပ်ငန်းဖြစ်ကြောင်းနှင့် တိုးတက်မှုတည်ငြိမ်ရေး၊ သုံးစွဲမှုတိုးမြှင့်ရေးတို့ထိန်းသိမ်းဆောင်ရွက်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မကြာမီနှစ်များအတွင်း ဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်ဆိုင်ရာ trade-in program ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ မော်တော်ယာဉ်လည်ပတ်မှု၊ သုံးစွဲမှုနှင့်သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် ရှေ့ပြေးအစီအစဉ်များချမှတ်ခြင်း၊ဈေးကွက်အလားအလာကောင်းများဖြစ်ပေါ်စေရေး ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုပုံစံအသစ်များ မြှင့်တင်ရန်အတွက် စမ်းသပ်ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း၊ မကြာမီက ဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်လည်ပတ်မှုနှင့် သုံးစွဲမှုတိုးတက်စေရေး နောက်ထပ်အစီအမံများ လေ့လာအကောင်အထည်ဖော်နိုင်ရေးရည်ရွယ်၍ စက်မှုအသင်းအဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများ၊ ဆက်စပ်လုပ်ငန်းများပါဝင်သည့် စာတမ်းဖတ်ပွဲတစ်ရပ်ကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်သုတေသနနှင့် မူဝါဒလမ်းညွှန်ချက်များအားကောင်းစေရေး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မတူကွဲပြားသည့် စားသုံးသူများ၏ လိုအပ်ချက်အလိုက် ကြိုက်နှစ်သက်မည့်ပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကဏ္ဍတွင်းပြိုင်ဆိုင်မှု ပြင်းထန်ခြင်းကို ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် စည်းကမ်းလိုက်နာမှုကြီးကြပ်ရေးနှင့် မျှတပြီးပြိုင်ဆိုင်မှုရှိသည့် ဈေးကွက်ဖြစ်ပေါ်စေရေး ကြိုးပမ်းမှုများတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်ဟု သိရသည်။

**Source:** https://en.people.cn/n3/2025/0606/c90000-20324311.html

**(သင်းသင်းအောင်၊ စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၅ လအတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည် ၉ ဒသမ ၂ သန်း အထိ လာရောက်လည်ပတ်ခဲ့



ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ၅ လအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၉ ဒသမ ၂ သန်းအား ကြို ဆိုခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၂၁ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကြောင်း ဇွန်လ ၆ ရက်နေ့ အမျိုးသား စာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်းမှ ၈၅ ဒသမ ၂ ရာခိုင်နှုန်းမှာ လေကြောင်းလမ်းဖြင့်ရောက်ရှိလာခြင်းဖြစ်ပြီး ခရီးသွားဧည့်သည် ၇ ဒသမ ၈၄ သန်းရှိသည်။

၁ ဒသမ ၁၈ သန်းမှာ ကုန်းလမ်းကြောင်းဖြင့်ရောက်ရှိလာကြပြီး ၁၇၅,၄၀၀ မှာ ရေလမ်းကြောင်းဖြင့် ရောက်ရှိလာကြခြင်း ဖြစ်ကြောင်း သိရသည်။

အာရှနိုင်ငံများသည် ဗီယက်နမ်နိုင်ငံ၏ အဓိကခရီးသွားရင်းမြစ်ဖြစ်ပြီး လာရောက်လည်ပတ်သူပေါင်း ၇ ဒသမ ၂ သန်း အထိရှိခဲ့သည်။ ဥရောပမှ လာရောက်လည်ပတ်သူပေါင်း ၁ ဒသမ၂ သန်းကျော်ရှိပြီး အမေရိကန်မှလာရောက်လည်ပတ်သူပေါင်း ၄၉၆,၉၀၀ ကျော်ရှိကြောင်း သိရသည်။

စာရင်းအင်းရုံး၏အဆိုအရ ထူးခြားသောဗီဇာမူဝါဒများ၊ ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာခြင်းနှင့် နိုင်ငံတော်အားလပ်ရက်များအဖြစ် အထိမ်းအမှတ်ပွဲများကျင်းပသည့် လှုပ်ရှားမှုများကြောင့် နိုင်ငံတကာခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု တိုးမြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

TIR

## STOCK EXCHANGE (11.6.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | -200 | -2.94% | 6,800 | 6,800 | 6,600 | 1,660 | 10,961,200 | 33,109,694 | 218,524 |
| MTSH | 00002 | 3,000 | +50 | +1.69% | 3,000 | 3,000 | 2,950 | 53 | 156,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 65 | 474,500 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 6,318 | 11,688,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 80 | 229,500 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,550 | 430 | 697,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,100 | 4,100 | 3,950 | 72 | 287,600 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 110 | 338,500 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 11th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.63 | -1.76 | -0.51% | 348.42 | 348.45 | 344.36 | 8,788 | 24,833,100 | 8 | 651,913 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

## Main Board

As of 1:00 pm, 11th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,788 (Shares) | 24,833,100 (MMK) |

| MYANPIX | 345.63 ▼ 1.76 |
|---|---|
| Total Volume (shares) | 8,788 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 651,913 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▼ 200 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,050 | ▼ 50 |